www.burmesesclassic.com



# ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေ ဆက်ခံမှု အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၂။] (၁၉၅၄ ခု၊ ဧပြီလ ၂၃ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူး ထိမ်းမြားမှုနှင့်အမွေဆက်ခံမှု အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''ဗုဒ္ဓဘာသာဝင်မိန်းမ'' ဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်သည့်ပြင်၊ ဗုဒ္ဓဘာသာ ကိုးကွယ်သော မိန်းမကို၊ သို့တည်း မဟုတ် ဗုဒ္ဓဘာသာ ကိုးကွယ်သော မိဘတို့မှ မွေးဖွားသောမိန်းမကို ဆိုလိုသည်။

<u>ခြွင်းချက်</u>။ ။သို့ရာတွင် ဗုဒ္ဓဘာသာ ကိုးကွယ်သော မိဘတို့မှ မွေးဖွားသော မိန်းမတဦးသည်၊ ဤအက်ဥပဒေ စတင်အာဏာမတည်မီက အခြားဘာသာဘခုခုသို့ အထင်အရှားကူးပြောင်း၍၊ ထိုအခြားဘာသာကိုကိုးကွယ်လျက်ရှိလျှင်၊ ထိုမိန်းမသည် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှ မွေးဖွားသည်ဟူသော အကြောင်းသက်သက်ကြောင့် ဗုဒ္ဓဘာသာဝင်မိန်းမဖြစ်သည်ဟု မမှတ်ယူရ။

(ခ) ''မှတ်ပုံတင်အရာရှိ'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

၃။ ။(၁) ရွာသူကြီးအားလုံးသည်၊ ဤအက်ဥပဒေအရ ထိမ်းမြားမှုမှတ်ပုံတင်အရာရှိများဖြစ်ရမည်။ နိုင်ငံတော်သမတသည် မိမိသင့်တော်သည် ထင်မြင်သောပုဂ္ဂိုလ်ကိုရွာသူကြီးမရှိသည့် ဒေသအတွက် ထိမ်းမြားမှု မှတ်ပုံတင်အရာရှိအဖြစ် ခန့်ထားနိုင်သည်။ မှတ်ပုံတင် အရာရှိများအား အကြောင်းကြားစာ ပုံစံများနှင့် ထိမ်းမြားမှု သက်သေခံမှတ်ပုံစာအုပ်များကို ပေးအပ်ထားရမည်။

(၂) မှတ်ပုံတင်အရာရှိအားလုံးသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄။ ။အခြားတည်ဆဲ တရားဥပဒေများတွင်သော်၎င်း၊ တရားဥပဒေကဲ့သို့အာဏာရှိသော ဓလေ့ထုံးစံများတွင်သော်၎င်း၊ မည်သို့ပင်ဆန့်ကျင်လျက်ပါရှိစေကာမူ၊ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင်မဟုတ်သော လင်ယောကျာ်းတိုင်းအပေါ်၌ အာဏာသက်ရောက်ရမည်။

၅။ ။လူမျိုးဘော်ဝင်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျာ်းတဦးနှင့် အသက် ၁၄ နှစ်အောက်မငယ်သည့် ဗုဒ္ဓဘာသာဝင် မိန်းမတဦးတို့သည်၊ ဤအက်ဥပဒေအရ ထိမ်းမြားနိုင်သည်။ သို့ရာတွင်—

(က) နှစ်ဦးလုံးမှာ စိတ်ပေါ့သွပ်သူများ မဖြစ်စေရ။

(ခ) အသက် ၂၀ မပြည့်သေးသည့် မိန်းမဖြစ်လျှင် မိဘ၏ သဘောတူချက်ကိုသော်၎င်း၊ မိဘတို့သေဆုံးပါမူ၊ အမှန်အုပ်ထိန်းသူ၊ သို့တည်း မဟုတ်

www.burmesesclassic.com



တရားဥပဒေအရ အုပ်ထိန်းသူရှိလျှင်၊ ထိုအုပ်ထိန်းသူ၏ သဘောတူချက်ကိုသော်၎င်း ရရှိပြီးဖြစ်ရမည်။

(ဂ) မိန်းမမှာ မပြတ်စဲသော တရားဝင်လင်ယောကျ်ား မရှိစေရ။

၆။ ။ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတဦး ထိမ်းမြားရန်ကြံရွယ်သည့်အခါ၊ မိမိတို့တဦးဦး ၁၄ ရက်ထက်မနည်းနေထိုင်လျက်ရှိသည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ဇယားတွင် ပြဋ္ဌာန်းထားသည့် ပုံစံဖြင့်၊ မိမိတို့တဦးဦးက အကြောင်းကြားစာ ပေးပို့နိုင်သည်။ အကြောင်းကြားစာ ပုံစံကို မှတ်ပုံတင်အရာရှိထံ တောင်းယူလျှင်ရနိုင်သည်။

၇။ ။ပုဒ်မ ၆ အရ အကြောင်းကြားစာပေးသူသည်၊ အကြောင်းကြားစာတွင်ပြဋ္ဌာန်းထားသည့် ထုတ်ဖော်ချက်ကို သက်သေနှစ်ဦးနှင့် ထိမ်းမြားပေးရမည့် မှတ်ပုံတင်အရာရှိတို့ ရှေ့တွင် လက်မှတ်ထိုးရမည်။

၈။ ။(၁) မှတ်ပုံတင်အရာရှိသည်—

(က) အကြောင်းကြားစာ မိတ္တူတစောင်ကို မိမိ၏ရုံးရှိ အများ မြင်သာသည့် နေရာ၌ ကပ်ခြင်းဖြင့်၎င်း၊

(ခ) အကြောင်းကြားစာ မိတ္တူတစောင်ကို၊ တရားမကျင့်ထုံးဥပဒေအရ သမ္မာန်စာများ၊ သို့တည်းမဟုတ် နို့တစ်စာများပေးသည့် နည်းလမ်းအတိုင်း၊

(ကက) ထိမ်းမြားမည့်မိန်းမ အသက် ၂၀ မပြည့်သေးလျှင် ထိုမိန်းမ၏မိဘ၊ သို့တည်းမဟုတ် အုပ်ထိန်းသူ ဆိုင်သင့်ရာရာအား ပေးခြင်းဖြင့်၎င်း၊

(ခခ) မိန်းမသည် ယောကျ်ားတဦးနှင့် ထိမ်းမြားဘူးလျှင်၊ ထိုယောကျ်ားအား ပေးခြင်းဖြင့်၎င်း

အကြောင်းကြားစာကို ကျေညာစေရမည်။

<u>ခြွင်းချက်</u>။ ။သို့ရာတွင် အကြောင်းကြားစာ မိတ္တူပေးခြင်းခံရမည့် သူတဦးတယောက်၏ နေရပ်သည်၊ မှတ်ပုံတင်အရာရှိ၏ စီရင်ပိုင်ခွင့်အာဏာနယ်နိမိတ် ပြင်ပတွင်ရှိလျှင်၊ မှတ်ပုံတင်အရာရှိသည် မိတ္တူတစောင်ကို ထိုသူထံ စာပို့တိုက်မှ ရီစစ္စတြီပြုလုပ်၍ဖြစ်စေ၊ လူလွှတ်၍ဖြစ်စေ ပေးပို့နိုင်သည်။

(၂) မှတ်ပုံတင်အရာရှိသည် ပြဋ္ဌာန်းထားသည့် ပုံစံပါမူလအကြောင်းကြားစာအောက်ခြေရှိ သက်သေခံလက်မှတ်တွင် ဆိုင်ရာအကြောင်းအရာများကို ရေးသွင်းရမည်။

၉။ ။ထိမ်းမြား ရန်ကြံရွယ်ကြောင်း အကြောင်းကြားစာကို ပုဒ်မ ၆ အရပေးပြီးနောက် ၁၄ ရက်ကြာသည့်အခါ၊ ဤအက်ဥပဒေတွင်နောက်၌ဖော်ပြပါရှိသည့်နည်းလမ်းအတိုင်း ကြိုတင် ကန့်ကွက်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိက သက်ဆိုင်သူနှစ်ဦးကိုထိမ်းမြားပေးနိုင်သည်။

၁၀။ ။အကြောင်းကြားစာပေးထားသူတို့ထိမ်းမြားလျှင်၊ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည့်စည်းကမ်းတရပ်နှင့်ဖြစ်စေ၊အများနှင့်ဖြစ်စေ၊ဆန့်ကျင်မည်ဟူသော အကြောင်းပြချက်ဖြင့်မည်သူမဆိုမှတ်ပုံတင်အရာရှိထံလိပ်တပ်လျက် ထိုသူတို့အား ထိမ်းမြားခြင်းမပြုစေရန် စာရေးသားကန့်ကွက်နိုင်သည်။

၁၁။ ။(၁) ကန့်ကွက်လွှာရရှိသောအခါ မှတ်ပုံတင်အရာရှိသည်၊ ကန့်ကွက်သူအား စီရင်ပိုင်ခွင့်အာဏာရ တရားရုံးသို့ညွှန်ရမည့်ပြင် ထိမ်းမြားခြင်းကိုလည်း ထိုအခါ၌ထိုတရားရုံးဖွင့်လှစ်

www.burmesesclassic.com



လျက်ရှိလျှင်၊ ၁၄ ရက်မျှရွှေ့ဆိုင်းထားရမည်။ ဖွင့်လှစ်လျက်မရှိလျှင် ထိုတရားရုံးဖွင့်လှစ်သည့်နေ့မှ ၁၄ ရက်မျှရွှေ့ဆိုင်းထားရမည်။ သို့ရာတွင် မှတ်ပုံတင်အရာရှိသည် ကန့်ကွက်သူက လျှောက်ထားသည့်အခါ လုံလောက်သော အကြောင်းတရပ်ရပ်ရှိသည်ဟုထင်မြင်လျှင် ထိုသို့ထိမ်းမြားခြင်းကို နောက်ထပ် ၁၄ ရက်ထက်မပိုသောကာလမျှ ထပ်မံရွှေ့ဆိုင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁)အရ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသည်၊ မှတ်ပုံတင်အရာရှိ၏ရုံးတည်ရှိရာဒေသတွင် စီရင်ပိုင်ခွင့်ရှိသည့်မြို့နယ်တရားမတရားရုံး၊ သို့တည်းမဟုတ် ရန်ကုန်မြို့တော်တရားမရုံး ဖြစ်စေရမည်။

BURMESE CLASSIC

၁၂။ ။(၁) အကြောင်းကြားစာပေးထားသူတို့၌၊ ပုဒ်မ ၅ အရ၊ ထိမ်းမြားနိုင်ခွင့်ရှိမရှိအမိန့်ချမှတ်ရန်၊ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ ကန့်ကွက်သူကလျှောက်လွှာတင်သွင်းနိုင်သည်။

(၂) တရားရုံးက ထိုလျှောက်လွှာရရှိကြောင်း သက်သေခံလက်မှတ် တစောင်ကို လျှောက်ထားသူအား ပေးရမည်။

(၃) (က) တရားရုံးကပေးသည့် သက်သေခံလက်မှတ်ကို မှတ်ပုံတင်အရာရှိထံ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၁)အရ၊ ထိုအရာရှိခွင့်ပြုထားသည့် အချိန်ကာလအတွင်း တင်သွင်းလျှင်၊ အကြောင်းကြားစာပေးထားသူတို့၌ ပုဒ်မ ၅ အရ၊ ထိမ်းမြားနိုင်ခွင့်ရှိသည်ဟူသောအမိန့်ကို တရားရုံးမှ မရသမျှကာလပတ်လုံး ထိုသူတို့ကိုထိမ်းမြားမပေးရ။

(ခ) ထိုသက်သေခံလက်မှတ်ကို မှတ်ပုံတင်အရာရှိထံ ထိုအရာရှိခွင့်ပြုထားသည့် အချိန်ကာလအတွင်း မတင်သွင်းလျှင်၊ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သူနှစ်ဦးက ထိမ်းမြားလိုမူ ထိမ်းမြားပေးရမည်။

(၄) တရားရုံးသည် လျှောက်လွှာတွင်ပါရှိသည့် အချက်များကိုငင်း၊ နှစ်ဘက်အမှုသည်များတင်ပြသည့်သက်သေခံချက်ကိုငင်း၊ အကျဉ်းချုပ်နည်းဖြင့်စစ်ဆေးကြားနာပြီးနောက်၊ ထိုသူနှစ်ဦး၌ ပုဒ်မ ၅ အရ၊ ထိမ်းမြားနိုင်ခွင့် ရှိမရှိဆုံးဖြတ်ရမည့်ပြင် ထိုသို့ဆုံးဖြတ်သည့်အတိုင်းလည်း အမိန့်ချမှတ်ရမည်။ ထိုအမိန့်သည်အပြီးသတ်ဖြစ်ရမည်၊

(၅) တရားရုံးသည်၊ မိမိချမှတ်သောအမိန့်၏ မိတ္တူတစောင်ကို မှတ်ပုံတင်အရာရှိထံချက်ခြင်းပို့ရမည်။

(၆) (က) ထိုသူနှစ်ဦး၌ ပုဒ်မ ၅ အရ၊ ထိမ်းမြားနိုင်ခွင့်ရှိသည်ဟု တရားရုံးက အမိန့်ချမှတ်လျှင်၊ မှတ်ပုံတင်အရာရှိသည် ထိုသူတို့ကထိမ်းမြားလိုမူ ထိမ်းမြားပေးရမည်။

(ခ) ထိုသူနှစ်ဦး၌ ပုဒ်မ ၅ အရ၊ ထိမ်းမြားနိုင်ခွင့်မရှိဟု တရားရုံးကအမိန့်ချမှတ်လျှင်၊ မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမပေးရ။

၁၃။ ။ကန့်ကွက်ခြင်းသည် မသင့်လျော်သည့်အပြင်၊ သဘောရိုးနှင့် ကန့်ကွက်ခြင်းလည်း မဟုတ်ဟု ပုဒ်မ ၁၂ အရ၊ လျှောက်လွှာတင်သွင်းရာ တရားရုံးကထင်မြင်လျှင်၊ ၅၀၀ိ ထက်မပိုသည့်လျော်ကြေးငွေကို လျှောက်ထားသူက ထိမ်းမြားမည့်သူနှစ်ဦးအား ပေးစေရန် စီရင်နိုင်သည်။

၁၄။ ။ဤအက်ဥပဒေအရ၊ ထိမ်းမြားခြင်းကို သဘောတူချက်ပေးရမည့်သူသည်စိတ်ပေါ့သွပ်နေလျှင်၊ သို့တည်းမဟုတ် ထိုသို့သဘောတူချက်ပေးရမည့်သူ (မိဘမှတပါး) သည် လုံလောက်သောအကြောင်းမရှိဘဲ ထိမ်းမြားခြင်းကို သဘောတူချက်မပေးလျှင်၊ ထိမ်းမြားလိုသူတို့သည် စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ လျှောက်လွှာဖြင့် လျှောက်ထားနိုင်သည်။

ထိုတရားရုံးသည် လျှောက်လွှာပါအချက်များကို အကျဉ်းချုပ်နည်းဖြင့် စစ်ဆေးနိုင်သည်။

www.burmesesclassic.com



ထို့ပြင် စစ်ဆေးသောအခါ၊ ထိုသူတို့၌ ပုဒ်မ ၅ အရ၊ ထိမ်းမြားနိုင်ခွင့်ရှိသည်ဟုဆင်မြင်လျှင်၊ထိမ်းမြားနိုင်ကြောင်းကို တရားရုံးကကြေညာရမည်။

ထိုကြေညာချက်သည် သဘောတူချက်ပေးရမည့်သူက သဘောတူချက်ပေးပြီးဖြစ်ဘိသကဲ့သို့အကျိုးသက်ရောက်ရမည်။

၁၅။ ။ပုဒ်မ ၉၊ ၁၂၊ ၁၄ တခုခုအရ၊ ထိမ်းမြားသောအခါ၊ မှတ်ပုံတင်အရာရှိသည် သက်သေနှစ်ဦးရှေ့တွင် သက်ဆိုင်သူတို့ကိုထိမ်းမြားပေးရမည်။ထိုသက်သေတို့သည် ပုဒ်မ ၆ တွင်ရည်ညွှန်းထားသည့်ထိမ်းမြားမှု သက်သေခံမှတ်ပုံစာအုပ်တွင် အသိသက်သေအဖြစ် လက်မှတ်ထိုးရမည်။ ထိမ်းမြားခြင်းကို မည်သည့်နည်းဖြင့်မဆို ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ထိမ်းမြားမည့်သူများသည် မှတ်ပုံတင်အရာရှိနှင့် သက်သေများရှေ့တွင်၊ ထိုသူတို့ကြားလောက်အောင် ''ကျွန်ုပ်တို့သည် တရားဝင်လင်မယားအဖြစ် ပေါင်းဖက်ပါမည်'' ဟူ၍ပြောဆိုရမည်။

၁၆။ ။အထက်ပါအတိုင်း ထိမ်းမြားပြီးသည့်အခါ၊ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သောအကြောင်းအရာများကို ''ထိမ်းမြားမှုသက်သေခံ မှတ်ပုံစာအုပ်'' ဟုခေါ်တွင်သည့်မှတ်ပုံစာအုပ်၌၊ မူရင်းထပ်တူလေးစောင်ရေးသွင်းရမည်။ ထိုမှတ်ပုံစာအုပ်သည် ဤအက်ဥပဒေဘွင်ပူးတွဲထားသည့် ဇယားပါပုံစံအတိုင်းဖြစ်စေရမည့်ပြင်၊ ထိုမှတ်ပုံစာအုပ်တွင် ထိမ်းမြားသူတို့ကငင်း၊ သက်သေတို့ကငင်း၊ မှတ်ပုံတင်အရာရှိကငင်း လက်မှတ်ထိုးရမည်။

၁၇။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ သက်သေခံလက်မှတ်တစောင်ကို လင်အား၊ အခြားတစောင်ကိုမယားအားပေးအပ်ရမည်။ အကယ်၍မယားသည် အသက် ၂၀ မပြည့်သေးလျှင် သူ၏မိဘအား၊ သို့တည်းမဟုတ် အုပ်ထိန်းသူအားပေးအပ်ရမည်။ တတိယတစောင်ကို ပုဒ်မခွဲ (၂) နှင့်အညီ ခရိုင်ဝန်ထံပို့၍ စတုတ္ထတစောင်ကိုသိမ်းထားရမည်။

(၂) မှတ်ပုံတင်အရာရှိသည်၊ ပုဒ်မ ၆ အရ၊ အကြောင်းကြားစာရရှိလျှင်၊ ထိုအကြောင်းကြားစာကိုငင်း၊ ထိမ်းမြားမှု သက်သေခံလက်မှတ်တစောင်ကိုငင်း၊ ထိမ်းမြားခြင်းဆိုင်ရာ အခြားစာတမ်းအမှတ်အသားအရပ်ရပ်ကိုငင်း၊ ထိမ်းမြားသည့်နေ့မှရက်သတ္တတပတ်အတွင်း ဆိုင်ရာခရိုင်ဝန်ထံသို့ မြို့နယ်အရာရှိမှတဆင့်ပို့ရမည်။ ထို့ပြင် ဆိုခဲ့သည့်စာတမ်းအမှတ်အသားများကို ထိမ်းမြားမှုဆိုင်ရာမှတ်ပုံစာအုပ်တွင် တွဲထားရမည့်ပြင်၊ ခရိုင်ဝန်ရုံးတွင် အမြဲသိမ်းထားရမည်။

၁၈။ ။ထိမ်းမြားမှုသက်သေခံမှတ်ပုံစာအုပ်နှင့် ထိမ်းမြားခြင်းဆိုင်ရာ အခြားစာတမ်းအမှတ်အသားများကိုသင့်တော်သည့်အခါများ၌ကြည့်ရှုခွင့်ပြုရမည့်ပြင်၊ထိုစာတမ်းအမှတ်အသားများ၏တာဝန်ခံမိတ္တူများကို ရလိုကြောင်းလျှောက်ထားသည့်အခါ၊ ခရိုင်ဝန်သည်နိုင်ငံတော်သမဘသတ်မှတ်ထားသည့်နှုန်းအတိုင်း အခကြေးကို မိမိအားလျှောက်ထားသူကပေးဆောင်လျှင် ထုတ်ပေးရမည်။

၁၉။ ။ဤအက်ဥပဒေအရ၊ ထိမ်းမြားခြင်းနှင့်ဆိုင်သည့် စာတမ်းအမှတ်အသားများ၏တာဝန်ခံမိတ္တူများတွင် ပါရှိသည့်အကြောင်း အရာများသည် မှန်သည်ဟု သက်သေခံအဖြစ်လက်ခံရမည်။ နောက်ထပ်သက်သေထင်ရှားပြရန်မလို။

၂၀။ ။(၁) ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတဦးတို့ပေါင်းဖက်နေထိုင်ပြုမူကြပုံသည် အကယ်၍ထိုသူနှစ်ဦးလုံးဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ခဲ့သော်၊ ဗုဒ္ဓဘာသာဓမ္မသတ်အရ၊ လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်

www.burmeseclassic.com



လျှင်၊ ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်ပြင်၊ ထိုသူတို့သည် ဤအက်ဥပဒေအရ၊ ထိမ်းမြားခဲ့ကြသည်ဟုလည်း မှတ်ယူရမည်။

(၂) ထိုလင်မယားသည် စတင်ပေါင်းဖက်သည့်နေ့မှစ၍ မည်သည့်အခါတွင်မဆို၊ ဤအက်ဥပဒေအရမှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံလျှောက်ထားနိုင်သည်။ ထိုအခါမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၅ အရ လိုအပ်သည့်အတိုင်း၊ ထိုသူတို့ကို မိမိကထိမ်းမြားပေးဘိသကဲ့သို့ ပုဒ်မ ၁၆ နှင့် ၁၇ တွင်သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(၃) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည်၊ ပုဒ်မခွဲ (၁) ၌ ဖော်ပြထားသည့်ပေါင်းဖက်နေထိုင်မှုကြပုံမျိုးဖြင့်၊ ဤအက်ဥပဒေစတင်အာဏာမတည်မီ ခြောက်လကာလအပိုင်းအခြားအတွင်း မည်သည့်အခါတွင်မဆို၊ ပေါင်းဖက်လျက်ရှိသည့် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတိုင်းအပေါ်၌ အာဏာသက်ရောက်ရမည်။

၂၁။ ။(၁) ဗုဒ္ဓဘာသာဝင်မိန်းမတဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတဦးတို့သည် မိမိတို့၏ထိမ်းမြားခြင်းကို မှတ်ပုံမတင်ဘဲပေါင်းဖက်လျက်ရှိလျှင်၊ ထိုအကြောင်းကို၊ ထိုမိန်းမနေထိုင်ရာဒေသတွင် စီရင်ပိုင်ခွင့်အာဏာရှိသည့်မှတ်ပုံတင်အရာရှိထံ၊ ထိုမိန်းမကဖြစ်စေ၊ ထိုမိန်းမ၏အမိက၊ သို့တည်းမဟုတ်အဘက၊ သို့တည်းမဟုတ်အုပ်ထိန်းသူကဖြစ်စေ၊ အခြားဆွေမျိုးတော်စပ်သူတဦးဦးကဖြစ်စေ၊ သတင်းပေးနိုင်သည်။ မှတ်ပုံတင်အရာရှိသည်၊ သတင်းပေးချက်ကို ရေးမှတ်ထားရမည်၊ သို့တည်းမဟုတ်ရေးမှတ်ထားစေရမည်။ ထို့ပြင် ထိုသို့ရေးမှတ်ထားသည့် သတင်းပေးချက်အားလုံးကို သတင်းပေးသူက လက်မှတ်ထိုးရမည်။

(၂) ထိုနောက် မှတ်ပုံတင်အရာရှိသည်၊ ထိုဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတို့ကို မိမိချိန်းဆိုသည့်နေ့ရက်တွင် မိမိထံလာရောက်ရန်ဆင့်ခေါ်ရမည်။ ထိုသူနှစ်ဦးလုံးက မိမိတို့၏ထိမ်းမြားခြင်းကို မှတ်ပုံတင်လိုလျှင်၊ မှတ်ပုံတင်အရာရှိသည်၊ ပုဒ်မ ၁၅ အရ၊ လိုအပ်သည့်အတိုင်း ထိုသူတို့ကို မိမိကထိမ်းမြားပေးဘိသကဲ့သို့၊ ပုဒ်မ ၁၆ နှင့် ၁၇ တွင်သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။ အကယ်၍တဦးဦးကဖြစ်စေ၊ နှစ်ဦးလုံးကဖြစ်စေ၊ မိမိတို့၏ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုလျှင်၊ သို့တည်းမဟုတ် မလာရောက်လျှင်၊ မှတ်ပုံတင်အရာရှိသည်၊ ပုဒ်မ ၁၁ တွင်ရည်ညွှန်းထားသည့် စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ ရေးမှတ်ထားသည့် သတင်းပေးချက်နှင့်တကွ အစီရင်ခံစာပေးပို့ရမည်။

(၃) အခြားတည်ဆဲ တရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ထိုတရားရုံးသည်၊ အစီရင်ခံစာရရှိသောအခါ၊ ထိုအမှုသည် နည်းလမ်းတကျစွဲဆိုသည့် တရားမမှုဖြစ်ဘိသကဲ့သို့ ပုဒ်မခွဲ (၄) တွင်ဖော်ပြထားသည့်နှစ်ဘက်အမှုသည်များကိုရင်း၊ ထိုသူတို့တင်ပြသည့်သက်သေခံချက်ကိုရင်း၊ အကျဉ်းချုပ်နည်းအားဖြင့် စစ်ဆေးကြားနာပြီးနောက်၊ ထိုမိန်းမနှင့် ထိုယောကျ်ားတို့သည်၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) ၏အဓိပ္ပါယ်အရ၊ လင်မယားဟုတ်မဟုတ်ဆုံးဖြတ်ရမည့်ပြင်၊ ဆုံးဖြတ်သည့်အတိုင်း အမိန့်ချမှတ်ရမည်။ တရားရုံးသည် စရိတ်နှင့်စပ်လျဉ်း၍ မိမိသင့်တော်သည်ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

(၄) (က) တဦးဦးကထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင်မှတ်ပုံတင်လိုသူအား တရားလိုဟူ၍၎င်း၊ မှတ်ပုံမတင်လိုသူအား တရားခံဟူ၍၎င်း မှတ်ယူရမည်။

(ခ) နှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင် ဆိုင်ရာသတင်းပေးသူအား တရားလိုဟူ၍၎င်း၊ မှတ်ပုံမတင်လိုသူနှစ်ဦးအား တရားခံဟူ၍၎င်းမှတ်ယူရမည်။

(၅) တရားရုံးသည်၊ မိမိချမှတ်သောအမိန့်၏ မိတ္တူတစောင်ကိုမှတ်ပုံတင်အရာရှိထံသို့ ချက်ခြင်းပေးပို့ရမည်။

www.burmeseclassic.com



(၆) တရားရုံးက ထိုယောကျ်ားနှင့်မိန်းမတို့သည် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) ၏ အဓိပ္ပါယ်အရ၊ လင်မယားဖြစ်သည်ဟု ဆုံးဖြတ်လျှင် မှတ်ပုံတင်အရာရှိသည်၊ ထိုတရားရုံး၏အမိန့်အတိုင်း ထိမ်းမြားမှုသက်သေခံမှတ်ပုံစာအုပ်တွင် လိုအပ်သည့်ပြင်ဆင်ချက်များပြု၍၊ ထိုမှတ်ပုံစာအုပ်တွင် သက်ဆိုင်သည့်အကြောင်းအရာများကို မှုရင်းထပ်တူလေးစောင်ရေးသွင်းရမည်။ ထို့ပြင် မှတ်ပုံတင်အရာရှိသည်၊ ထိုမှတ်ပုံစာအုပ်တွင် လက်မှတ်ထိုးပြီးနောက် ပုဒ်မ ၁၇ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(၇) မြို့နယ်တရားမတရားရုံးမှချမှတ်သောအမိန့်ကို၊ ထိုရုံးတည်ရှိရာဒေသတွင် စီရင်ပိုင်ခွင့်ရှိသည့်ခရိုင်တရားမရုံး၌ အယူခံဝင်ခွင့်ရှိစေရမည်။ ရန်ကုန်မြို့တော်တရားမရုံးမှချမှတ်သောအမိန့်ကို၊ တရားလွှတ်တော်၌အယူခံဝင်ခွင့်ရှိစေရမည်။ အယူခံမှုတွင် ခရိုင်တရားမရုံးက၊ သို့တည်းမဟုတ် တရားလွှတ်တော်က ချမှတ်သောအမိန့်သည် အပြီးသတ်ဖြစ်ရမည်။

၂၂။ ။ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားက၊ ဗုဒ္ဓဘာသာဝင်မိန်းမကို ထိမ်းမြားရန် ကတိပြုလျှင်၊ ထိုယောကျ်ားသည် ထိုမိန်းမကို ဤအက်ဥပဒေအရထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရမည်။

၂၃။ ။ဟိန္ဒူဘာသာ၊ ဆိ(ခ်)သာသာ၊ ဂျိန္နဘာသာတရပ်ရပ်ကို ကိုးကွယ်သော ပစ္စည်းမခွဲဝေရသေးသည့် အိမ်ထောင်သားစုဝင် တဦးတယောက်သည်၊ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဤအက်ဥပဒေအရ ထိမ်းမြားလျှင်၊ သို့တည်းမဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရလျှင်၊ ထိုသူသည် ထိုအိမ်ထောင်သားစုမှခွဲခွါပြီဟု မှတ်ယူရမည်။ ထို့ပြင် ပစ္စည်းခွဲဝေခြင်းမပြုမီ၊ ထိုသူသေဆုံးလျှင်၊ ထိုသူပိုင်သည့်ဆိုင်ရာဆိုင်ခွင့်သည်၊ ထိုသူ၏မယားနှင့်သားသမီးများသို့ သက်ရောက်ရမည်။

၂၄။ ။(၁) ဤအက်ဥပဒေအရ ထိမ်းမြားသူတို့၏၊ သို့တည်းမဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသူတို့၏ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းသောကိစ္စအားလုံးကို၊ ထိုသူတို့နှင့် ထိုသူတို့၏မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်း ဖြစ်ဘိသကဲ့သို့၊ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။

(၂) ဤပုဒ်မနှင့် ပုဒ်မ ၂၆ ပါ ကိစ္စများအလို့ငှါ ''မိသားစု'' ဆိုသည့်စကားရပ်တွင် တရားဝင်လင်၊ တရားဝင်မယား၊ သို့တည်းမဟုတ် မယားများနှင့်တရားဝင်သားသမီးများ ပါဝင်သည်။

၂၅။ ။(၁) လင်မယားကွာရှင်းမှုကိစ္စ၊ ပစ္စည်းခွဲဝေမှုကိစ္စ၊ သားသမီးထိန်းသိမ်းမှုကိစ္စတို့ဆိုင်ရာ ဗုဒ္ဓဘာသာဓမ္မသတ်၏ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့အပေါ်သို့၊ သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့အပေါ်သို့၊ ထိုသူတို့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ အာဏာသက်ရောက်ရမည်။

ခြွင်းချက်။ ။သို့ရာတွင်၊ တရားဥပဒေကဲ့သို့ အာဏာရှိသောဘာသာရေးဓလေ့ထုံးစံ တခုခုကဖြစ်စေ၊ ထိုသို့သောဘာသာရေးဓလေ့ထုံးစံကို အကျိုးသက်ရောက်စေသည့် တရားဥပဒေ တခုခုကဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတဦးအား ဗုဒ္ဓဘာသာဝင်မိန်းမတဦးနှင့် လင်မယားအဖြစ်ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့်၊ ထိုယောကျ်ားက ထိုမိန်းမကို ကွာရှင်းလိုလျှင်ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ထိုယောကျ်ားက ထိုမိန်းမကိုကွာရှင်းလျှင်၊ သို့တည်းမဟုတ် စွန့်ခွါလျှင်၊ သို့တည်းမဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာရောက်သည်

www.burmeseclassic.com



ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ ရက်စက်သည့်အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင်၊ အဆိုပါ မလေ့ထုံးစံက၊ သို့တည်းမဟုတ် တရားဥပဒေက မည်သို့ပင်ဆိုစေကာမူ—

(က) ထိုယောကျ်ားသည်၊ နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သောအစုကို စွန့်လွှတ်ရမည့်ပြင်၊ ဗုဒ္ဓဘာသာဝင်မိန်းမအား လျော်ကြေးပေးရမည်။

(ခ) ဗုဒ္ဓဘာသာဝင်မိန်းမသည်၊ သားသမီးအားလုံး ထိန်းသိမ်းခွင့်ကိုရရှိရမည်။ ထို့ပြင်

(ဂ) ထိုသူသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက်၊ ကလေးစရိတ်ပေးရမည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်သည့် ဗုဒ္ဓဘာသာဝင်မဟုတ်ခဲ့ဘူးသော မိန်းမတဦးသည်၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားနှင့် လင်မယားအဖြစ် ပေါင်းဖက်နေစဉ်၊ ဗုဒ္ဓဘာသာသို့ကူးပြောင်းကိုးကွယ်လျှင် ထိုသူတို့သည်၊ ဤအက်ဥပဒေအရ ထိမ်းမြားကြဘိသကဲ့သို့ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ (၁) ပါ ပြဋ္ဌာန်းချက်များသည် ထိုသူတို့နှင့်သက်ဆိုင်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် ထိုမိန်းမ ဗုဒ္ဓဘာသာသို့ကူးပြောင်းကိုးကွယ်သည့်အခါ တရားဥပဒေကဲ့သို့ အာဏာရှိသော ထိုယောကျ်ား၏ ဘာသာရေးဓလေ့ထုံးစံတခုခုကဖြစ်စေ၊ ထိုသို့သော ဘာသာရေးဓလေ့ထုံးစံကို အကျိုးသက်ရောက်စေသည့်တရားဥပဒေတခုခုကဖြစ်စေ၊ ထိုယောကျ်ားအား ထိုဗုဒ္ဓဘာသာဝင်မိန်းမနှင့် လင်မယားအဖြစ်ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ကွာရှင်းလိုသော် ထိုမိန်းမ ဗုဒ္ဓဘာသာသို့ကူးပြောင်းကိုးကွယ်သည့်နေ့မှ သင့်လျော်သည့် တာလအပိုင်းအခြားအတွင်း ထိုယောကျ်ားကဖြစ်စေ၊ ထိုမိန်းမကဖြစ်စေ၊ ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့်—

(က) ထိုယောကျ်ားက ထိုမိန်းမကိုကွာရှင်းလျှင်—

(ကက) ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက၊ ထိုမိန်းမ နေထိုင်ရသည့် အတန်းအစားအခြေအနေအောက်မလျော့သော အတန်းအစားအခြေအနေတွင် ဆက်လက်နေထိုင်နိုင်အောင် လိုလောက်သည့်လစဉ်စရိတ်ကို ထိုမိန်းမနောက်ထပ်ထိမ်းမြားခြင်း မပြုသမျှကာလပတ်လုံး ထိုယောကျ်ားက ထိုမိန်းမအားပေးရမည်။

(ခခ) ထိုမိန်းမ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက၊ ထိုမိန်းမ တဦးတည်းပိုင်ဖြစ်သော ပစ္စည်းအားလုံးကို ထိုမိန်းမ ရခွင့်ရှိရမည်။ သို့သော်လည်း ထိုသို့ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက ထိုယောကျ်ား တဦးတည်းပိုင်ဖြစ်သော မည်သည့်ပစ္စည်းကိုမျှ ထိုမိန်းမ ရခွင့်မရှိစေရ။

(ဂဂ) ထိုမိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး ထိန်းသိမ်းခွင့်ကိုရရှိရမည်။ ထို့ပြင်

(ဃဃ) ထိုယောကျ်ားသည် အဆိုပါအရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

(ခ) ထိုမိန်းမက ထိုယောကျ်ားကိုကွာရှင်းလျှင်—

(ကက) ထိုမိန်းမ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက၊ ထိုမိန်းမ တဦးတည်းပိုင်ဖြစ်သော ပစ္စည်းမှတပါး၊ ထိုယောကျ်ား တဦးတည်းပိုင်သော မည်သည့်ပစ္စည်းကိုမျှ ထိုမိန်းမ ရခွင့်မရှိစေရ။

www.burmesesclassic.com



(ခခ) ထိုမိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး ထိန်းသိမ်းခွင့်ရှိရမည်။

(ဂဂ) ထိုယောကျ်ားသည် အဆိုပါအရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

ရှင်းလင်းချက်။ ။ဤပုဒ်မပါ ဘာသာရေးဓလေ့ထုံးစံဆိုသည့်စကားရပ်၌ "ဘာသာ" ဆိုသည်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်သည့်မိန်းမနှင့် ပေါင်းဖက်သည်မှစ၍ ထိုမိန်းမ၏လင်ယောကျ်ားအစဉ်တစိုက်ကိုးကွယ်သည့်ဘာသာကို ဆိုလိုသည်။

(၃) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေ စတင်အာဏာမတည်မီ ခြောက်လအတွင်း၊ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် လင်ယောကျ်ားတို့ဖြစ်ပွါးသော (အာဏာရတရားရုံးက ဒီကရီချမှတ်ပြီးသည့် လင်မယားကွာရှင်းမှုကိစ္စမပါ) လင်မယားကွာရှင်းမှုကိစ္စ၊ သို့တည်းမဟုတ် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် လင်ယောကျ်ားက ဗုဒ္ဓဘာသာဝင်မိန်းမကို စွန့်ခွါသည့်ကိစ္စ၊ သို့တည်းမဟုတ် ကိုယ်ထိလက်ရောက်ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ ရက်စက်သည့်အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုသည့်ကိစ္စအားလုံးနှင့်သက်ဆိုင်ရမည်။

BURMESE CLASSIC

၂၆။ ။ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့၏၊ သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့် စပ်လျဉ်းသည့်ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့၊ ဗုဒ္ဓဘာသာ ဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။

၂၇။ ။ဤအက်ဥပဒေအရ ထိမ်းမြားလျှင်၊ သို့တည်းမဟုတ် ထိမ်းမြားသည်ဟု မှတ်ယူခြင်းခံရလျှင်၊ ထိုသူနှစ်ဦးမှ ဖွါးမြင်သောသားသမီးများသည် တရားဝင်သားသမီးများဖြစ်သည်ဟု မှတ်ယူရမည်။

၂၈။ ။မည်သူမဆို၊ မဟုတ်မမှန်သည်လည်းဖြစ်၍၊ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော ဖေါ်ပြချက်ပါရှိသည့် (ဤအက်ဥပဒေအရ ပြဋ္ဌာန်းထားသော) ထုတ်ဖေါ်ချက်ကိုသော်၎င်း၊ ထိုသို့သော သက်သေခံလက်မှတ်ကိုသော်၎င်း ပြုလုပ်လျှင်၊ သို့တည်းမဟုတ် လက်မှတ်ထိုးလျှင်၊ သို့တည်းမဟုတ် မှန်ကန်ကြောင်း သက်သေခံလျှင်၊ ထိုသူသည် ရာဇသတ်ကြီး ပုဒ်မ ၁၉၉ အရ၊ ပြစ်မှုကျူးလွန်သည်ဟူ၍ မှတ်ယူရမည်။

၂၉။ ။မည်သည့်မှတ်ပုံတင်အရာရှိမဆို—

(၁) ဆိုင်ရာအကြောင်းကြားစာ ရရှိလျှင်၊ ထိုအကြောင်းကြားစာကို ပုဒ်မ ဂ အရ၊ ကျေညာခြင်းမပြုဘဲ၊ သို့တည်းမဟုတ်

(၂) ဆိုင်ရာအကြောင်းကြားစာကို မိမိရရှိပြီးနောက် ၁၄ ရက်အတွင်း၊ သို့တည်းမဟုတ်

(၃) ထိမ်းမြားမည့်မိန်းမသည် အသက် ၂၀ မပြည့်သေးလျှင်၊ ထိုမိန်းမ၏ မိဘထံမှဖြစ်စေ၊ မိဘသေဆုံးလျှင် အုပ်ထိန်းသူထံမှဖြစ်စေ၊ လိုအပ်သည့် သဘောတူချက်ကို ရရှိပြီးမဟုတ်ဘဲ၊ သို့တည်းမဟုတ်

www.burmesesclassic.com



(၄) ပုဒ်မ ၁၁ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (၃) အပိုဒ် (က)၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (၆) အပိုဒ် (ခ) တခုခုပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍

သိလျက်နှင့်တခင် ဤအက်ဥပဒေအရ၊ ထိမ်းမြားပေးလျှင်၊ ထိုအရာရှိသည် တနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၅၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ချမှတ်ခြင်းခံ ဆိုက်စေရမည်။

၃၀။ ။နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများပြုနိုင်သည်။

၃၁။ ။ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ (၁၉၃၉ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၂၄) ကို ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## ဇယား။

### ပုံစံ က (ယောက်ျားအတွက်)။

(ပုဒ်မ ၆ ကိုကြည့်။)

## ထိမ်းမြားလိုကြောင်းအကြောင်းကြားစာပုံစံ။

________________ ခရိုင်။

________________ မြို့နယ်။

________________ ကျေးရွာ။

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ။

ကျွန်ုပ်သည်၊ ဤအကြောင်းကြားစာတွင် အခြည်မှစ၍ အကြောင်းအရာများဖော်ပြပါရှိသော တဘက်သူနှင့် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ၊ ထိမ်းမြားရန်ကြံရွယ်ကြောင်း အကြောင်းကြားပါသည်။

အကြောင်းကြားစာပေးပို့သူ၏ ဖော်ပြချက်များ။

### အပိုင်း (၁)။

(က) အမည်။
(ခ) အလုပ်အကိုင်။
(ဂ) မည်သည့်နိုင်ငံသား။
(ဃ) ကိုးကွယ်သည့်ဘာသာ။
(င) အသက်။
(စ) အကြောင်းကြားစာပေးပို့သည့်နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ ရက်ထက်မနည်း နေထိုင်လျက်ရှိသည့်အရပ်။
(ဆ) မိဘများ၏အမည်—
(၁)
(၂)

www.burmesesclassic.com



(ဇ) မိဘများ၏ အလုပ်အကိုင်။
(ဈ) မိဘများ၏ နေရပ်။
(ည) (မိဘများအသက်ရှင်လျက် မရှိလျှင်) အုပ်ထိန်းသူ၏ အမည်။
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့် နေရပ်။
(ဌ) မိမိမှာအလျင်က ထိမ်းမြားဘူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဘူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိမရှိ။
(ဍ) အလျင်မယား အသက်ရှင်လျက်ရှိသေးလျှင် ထိုမယား၏အမည်နှင့် နေရပ်။

အပိုင်း (၂)။

(က) (တဘက်သူ၏) အမည်။
(ခ) အလုပ်အကိုင်။
(ဂ) မည်သည့်နိုင်ငံသား။
(ဃ) ကိုးကွယ်သည့်ဘာသာ။
(င) အသက်။
(စ) အကြောင်းကြားစာပေးပို့သည့် နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ ရက်ထက်မနည်း နေထိုင်လျက်ရှိသည့်အရပ်။
(ဆ) မိဘများ၏အမည်—

(၁)
(၂)

(ဇ) မိဘများ၏အလုပ်အကိုင်။
(ဈ) မိဘများ၏နေရပ်။
(ည) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်။
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်။
(ဌ) အသက် ၂၀ မပြည့်သေးလျှင်၊ မိဘများ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၏ သဘောတူချက်ရရှိပြီး ဟုတ် မဟုတ်။
(ဍ) သဘောတူချက်ပေးသည့် မိဘများ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်။
(ဎ) ထိုသူမှာ အလျင်က ထိမ်းမြားဘူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဘူးသူဖြစ်လျှင်၊ ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိ မရှိ။

(လက်မှတ်။)

## မှတ်ပုံတင်အရာရှိရှေ့တွင်ထွက်ဆိုချက်။

အထက်ပါ အကြောင်းကြားစာအပိုင်း (၁) တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ၊ ကျွန်ုပ်ကိုယ်တိုင်သိရှိရသမျှ ဟုတ်မှန်ကြောင်းဖြင့်၎င်း၊ အပိုင်း (၂) တွင်ဖော်ပြပါရှိသော အကြောင်းအရာမှာ၊ ကျွန်ုပ်ကြားသိယုံကြည်ရသမျှ ဟုတ်မှန်ကြောင်းဖြင့်၎င်း၊ ကျွန်ုပ် က ထွက်ဆိုပါသည်။ အထက်ပါအကြောင်းကြားစာတွင် ပါရှိသည့်ဖော်ပြချက်တခုခုမှာ၊ ကျွန်ုပ်သိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင်ယင်းသို့သောဖော်ပြချက်ကို ပြုလုပ်ရာတွင်၊ ကျွန်ုပ်က ထိုဖော်ပြချက်သည်

www.burmeseclassic.com



မဟုတ်မမှန်ကြောင်းသိရှိလျှင်သော်၎င်း၊ သို့တည်းမဟုတ် ယုံကြည်လျှင်သော်၎င်း၊ ထိုဖော်ပြချက်သည် ဟုတ်မှန်သည်ဟုမယုံကြည်လျှင်သော်၎င်း၊ ကျွန်ုပ်မှာရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ၊ တရားစွဲဆိုခံထိုက်သည်ဖြစ်ကြောင်း ကျွန်ုပ်သိရှိပါသည်။

(လက်မှတ်။)

အောက်ပါသက်သေတို့ရှေ့တွင်—

(၁) (လက်မှတ်)၊

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်။)

(၂) (လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်။)

အထက်ပါ ဖော်ပြချက်များကို ထွက်ဆိုသူအား ဘတ်ကြားရှင်းလင်းပြရာ၊ ထိုဖော်ပြချက်များပါ အကြောင်းအရာများမှန်ကန်ကြောင်း ထိုသူကဝန်ခံသည့်ပြင်၊ ယင်းသို့မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို၊ ကျွန်ုပ်ရှေ့၌၎င်း၊ အထက်တွင်လက်မှတ်ရေးထိုးသည့် သက်သေနှစ်ဦးရှေ့၌၎င်း၊ လက်မှတ်ရေးထိုးသည်။

(လက်မှတ်။)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

အထက်ပါ အကြောင်းကြားစာမိတ္တူကို ____________________ရက်နေ့တွင် ကျွန်ုပ်၏ရုံးရှိ အများမြင်သောနေရာ၌ ကပ်လျက်ကြော်ငြာပြီးဖြစ်သည့်ပြင်၊ ထိုအကြောင်းကြားစာမိတ္တူများကို အောက်ပါနေ့ရက်များတွင်____________________ထံ၊ ချအပ်/ပို့ ပြီးလည်းဖြစ်ကြောင်း။

(လက်မှတ်။)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

<u>ပုံစံ ၁ (မိန်းမအတွက်)။</u>

(ပုဒ်မ ၆ ကိုကြည့်။)

## ထိမ်းမြားလိုကြောင်း အကြောင်းကြားစာပုံစံ။

____________________ခရိုင်။

____________________မြို့နယ်။

____________________ကျေးရွာ။

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ။

ကျွန်မသည်၊ ဤအကြောင်းကြားစာတွင် အမည်မှစ၍၊ အကြောင်းအရာများ ဖော်ပြပါရှိသော တဘက်သူနှင့် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ ထိမ်းမြားရန်ကြံရွယ်ကြောင်း အကြောင်းကြားပါသည်။

www.burmesesclassic.com



အကြောင်းကြားစာပေးပို့သူ၏ ဖေါ်ပြချက်များ။

အပိုင်း (၁)။

(က) အမည်။
(ခ) အလုပ်အကိုင်။
(ဂ) မည်သည့်နိုင်ငံသား။
(ဃ) ကိုးကွယ်သည့်ဘာသာ။
(င) အသက်။
(စ) အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ ရက်ထက်မနည်း နေထိုင်လျက်ရှိသည့်အရပ်။
(ဆ) မိဘများ၏အမည်—
(၁)
(၂)
(ဇ) မိဘများ၏အလုပ်အကိုင်။
(ဈ) မိဘများ၏နေရပ်။
(ည) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်။
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်။
(ဌ) အသက် ၂၀ မပြည့်သေးလျှင်၊ မိဘများ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၏ သဘောတူချက်ရရှိပြီး ဟုတ် မဟုတ်။
(ဍ) သဘောတူချက်ပေးသည့် မိဘများ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်။
(ဎ) မိမိမှာ အလျင်ကထိမ်းမြားဘူးသူဟုတ် မဟုတ်၊ ထိမ်းမြားဘူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိမရှိ။
(ဏ) အလျင်လင် အသက်ရှင်လျက်ရှိသေးလျှင်၊ ထိုလင်၏အမည်နှင့်နေရပ်။

အပိုင်း (၂)။

(က) (တဘက်သူ၏) အမည်။
(ခ) အလုပ်အကိုင်။
(ဂ) မည်သည့်နိုင်ငံသား။
(ဃ) ကိုးကွယ်သည့်ဘာသာ။
(င) အသက်။
(စ) အကြောင်းကြားစာ ပို့သည့်နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ ရက်ထက် မနည်း နေထိုင်လျက်ရှိသည့်အရပ်။
(ဆ) မိဘများ၏အမည်—
(၁)
(၂)
(ဇ) မိဘများ၏အလုပ်အကိုင်။
(ဈ) မိဘများ၏နေရပ်။
(ည) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်။

www.burmesesclassic.com



(၄) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်။

(၅) ထိုသူမှာ အလျင်ကထိမ်းမြားဘူးသူဟုတ် မဟုတ်၊ ထိမ်းမြားဘူးသူဖြစ်လျှင် ထို ထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိ မရှိ။

(လက်မှတ်။)

## မှတ်ပုံတင်အရာရှိရှေ့တွင်ထွက်ဆိုချက်။

အထက်ပါ အကြောင်းကြားစာအပိုင်း (၁) တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်မကိုယ်တိုင်သိရှိရသမျှ ဟုတ်မှန်ကြောင်းဖြင့်၎င်း၊ အပိုင်း (၂) တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်မကြားသိယုံကြည်ရသမျှ၊ ဟုတ်မှန်ကြောင်းဖြင့်၎င်း၊ ကျွန်မ ကထွက်ဆိုပါသည်။ အထက်ပါ အကြောင်းကြားစာတွင် ပါရှိသည့်ဖော်ပြချက်တခုခုမှာ ကျွန်မသိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင် ယင်းသို့သောဖော်ပြချက်ကို ပြုလုပ်ရာတွင် ကျွန်မက ထိုဖော်ပြချက်သည် မဟုတ်မမှန်ကြောင်းသိရှိလျှင်သော်၎င်း၊ သို့တည်းမဟုတ် ယုံကြည်လျှင်သော်၎င်း၊ ထိုဖော်ပြချက်သည် ဟုတ်မှန်သည်ဟု မယုံကြည်လျှင်သော်၎င်း၊ ကျွန်မမှာ ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ၊ တရားစွဲဆိုခံထိုက်သည်ဖြစ်ကြောင်း ကျွန်မသိရှိပါသည်။

(လက်မှတ်။)

အောက်ပါသက်သေတို့ရှေ့တွင်—

(၁) (လက်မှတ်)
(အမည်၊ အလုပ်အကိုင်နှင့် နေရပ်။)

(၂) (လက်မှတ်)
(အမည်၊ အယုပ်အကိုင်နှင့် နေရပ်။)

အထက်ပါ ဖော်ပြချက်များကို၊ ထွက်ဆိုသူအား၊ ဘတ်ကြားရှင်းလင်းပြရာ၊ ထိုဖော်ပြချက်များပါ အကြောင်းအရာများမှန်ကန်ကြောင်း ထိုသူကဝန်ခံသည့်ပြင်၊ ယင်းသို့မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို၊ ကျွန်ုပ်ရှေ့၌၎င်း၊ အထက်တွင်လက်မှတ်ရေးထိုးသည့် သက်သေနှစ်ဦးရှေ့၌၎င်း၊ လက်မှတ်ရေးထိုးသည်။

(လက်မှတ်။)
ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

အထက်ပါ အကြောင်းကြားစာမိတ္တူကို ____________ ရက်နေ့တွင်၊ ကျွန်ုပ်၏ရုံးရှိ အများမြင်သောနေရာ၌ ကပ်လျက်ကြော်ငြာပြီးဖြစ်သည့်ပြင်၊ ထိုအကြောင်းကြားစာမိတ္တူများကို အောက်ပါ နေ့ရက်တွင် ____________ ထံ ချအပ်/ပို့ ပြီးလည်းဖြစ်ကြောင်း။

(လက်မှတ်။)
ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

www.burmeseclassic.com



ပုံစံ ဂ။

(မူရင်းထပ်တူပေါင်းလေးစောင်ရှိစေရမည်။)

(ပုဒ်မ ၁၆ ကိုကြည့်။)

## ထိမ်းမြားကြောင်း သက်သေခံမှတ်ပုံစာအုပ်ပုံစံ။

အမှတ်...........။

ထိမ်းမြားသည့် နေ့ရက်။

ထိမ်းမြားရာ အရပ်။

(က) လင်၏အမည်။

(ခ) အသက်။

(ဂ) မည်သည့်နိုင်ငံသား။

(ဃ) ကိုးကွယ်သည့်ဘာသာ။

(င) အလုပ်အကိုင်။

(စ) နေရပ်။

(ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်။

(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်။

(က) မယား၏အမည်။

(ခ) အသက်။

(ဂ) မည်သည့်နိုင်ငံသား။

(ဃ) ကိုးကွယ်သည့်ဘာသာ။

(င) အလုပ်အကိုင်။

(စ) နေရပ်။

(ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်။

(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်။

(ဈ) အသက် ၂၀ မပြည့်သေးလျှင် ထိမ်းမြားရန် သဘောတူချက်ပေးပြီးသည့် မိဘ၊ သို့မဟုတ် အုပ်ထိန်းသူ၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်။

* [ကျွန်တော် နှင့် ကျွန်မ တို့၏၊ ယခုထိမ်းမြားမှုကို၊ အောက်ပါ သက်သေများရှေ့တွင် ပြုလုပ်ပါသည်။

လင်၏လက်မှတ်။

မယား၏လက်မှတ်။

ကျွန်ုပ်တို့ရှေ့တွင် ပြုလုပ်ပါသည်။

| | |
|---|---|
| မောင် / မ | အမည်..............................။ |
| | အလုပ် အကိုင်..............................။ |
| | နေ ရပ်..............................။ |
| မောင် / မ | အမည်..............................။ |
| | အလုပ် အကိုင်..............................။ |
| | နေ ရပ်..............................။ |

ထိမ်းမြားရန်သဘောတူချက်ပေးသူ၏လက်မှတ်။

အထက်တွင်အမည်ဖော်ပြပါရှိသူတို့၏ ထိမ်းမြားမှုကို ၁၉ ခုနှစ်၊ လ ရက်နေ့တွင် ကျွန်ုပ်ရှေ့၌ပြုလုပ်သည်။]

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

* မှတ်ချက်။ ။အက်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(၂)အရ၊ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ငြင်းဆိုသူများဖြစ်လျှင် ဤအပိုဒ်ကိုပယ်ဖျက်ရမည်။

## B.—HINDU.

## ခ။ ။ဟိန္ဒူဘာသာဝင်များဆိုင်ရာ။

## THE HINDU WIDOWS' RE-MARRIAGE ACT.

[INDIA ACT XV, 1856.] (25th July, 1856.)

Preamble. Whereas it is known that, by the law as administered in the civil Courts, Hindu widows with certain exceptions are held to be, by reason of their having been once married, incapable of contracting a second valid marriage, and the offspring of such widows by any second marriage are held to be illegitimate and incapable of inheriting property ;

and whereas many Hindus believe that this imputed legal incapacity, although it is in accordance with established custom, is not in accordance with a true interpretation of the precepts of their religion, and desire that the civil law administered by the Courts of Justice shall no longer prevent those Hindus who may be so minded from adopting a different custom, in accordance with the dictates of their own conscience ;

and whereas it is just to relieve all such Hindus from this legal incapacity of which they complain, and the removal of all legal obstacles to the marriage